

“ တရားရုံးဖွဲ့စည်းပုံအဆင့်ဆင့် ”

- ပြည်ထောင်စုတရားလွှတ်တော်ချုပ်
- တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များ
- ခရိုင်တရားရုံးများ/သီးသန့်ခရိုင်တရားရုံးများ
- မြို့နယ်တရားရုံးများ/ဥပဒေအရတည်ထောင်ထားသည့်အခြားတရားရုံးများ

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ရုံးအမှတ် (၅၄)၊ နေပြည်တော်။

Website QR Code

ပြည်ထောင်စုတရားလွှတ်တော်ချုပ် Website တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

- ကြိုတင်အမှုခေါ်စာရင်းများ
- စီရင်ချက်ချမှတ်မည့်အမှုများ
- နေ့စဉ်ရုံးခန်းအတွင်းဆောင်ရွက်ချက်များ


- ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ထုတ်ဝေသောစာအုပ်များ
- စီရင်ထုံးစာအုပ်များ
- တရားလွှတ်တော်ရှေ့နေ၊ အထက်တန်းရှေ့နေလိုင်စင်ရရှိသည့် အမည်စာရင်းများ
- Law Firm ကုမ္ပဏီများ၏လိပ်စာများ

Law Firm လိပ်စာများဖော်ပြလိုပါက Ph. 0673430323 Email - ipr@usc.gov.mm သို့ ပေးပို့ဆက်သွယ်နိုင်ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

သီလ သမာဓိ ပညာ

မြန်မာနိုင်ငံတွင် တရားစီရင်ရေးသည် နိုင်ငံတော်၏အချုပ်အခြာအာဏာသုံးဖြာအနက်တစ်ခုဖြစ်ပြီး၊ ဥပဒေပြုရေးအာဏာနှင့် အုပ်ချုပ်ရေးအာဏာတို့မှ သီးခြားရပ်တည်ပါသည်။ ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နိုင်ငံတော်၏ အမြင့်ဆုံးတရားစီရင်ရေးအဖွဲ့အစည်းဖြစ်ပါသည်။



Website Address : www.unionsupremecourt.gov.mm

ရည်မှန်းချက်

- လူတိုင်းသို့ အရည်အသွေးမြင့် တရားမျှတမှုကို ဖြည့်ဆည်းပေးရန်
- တရားရုံးများအပေါ်တွင် ပြည်သူလူထု၏ စိတ်ချယုံကြည်မှုနှင့် ထိရောက်မှုရှိသည့် တရားဥပဒေစိုးမိုးရေးကို မြှင့်တင်ရန်

တရားစီရင်ရေးဆိုင်ရာမူများ

၂၀၁၀ ပြည့်နှစ်၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၃ အရ ချမှတ်ထားသော တရားစီရင်ရေးဆိုင်ရာမူများမှာ -

(က) ဥပဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင်ရေး

(ခ) ဥပဒေအရ ကန့်သတ်ချက်များမှအပ ပြည်သူရှေ့မှောက်တွင် တရားစီရင်ရေး

(ဂ) အမှုများတွင် ဥပဒေအရ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့် ရရှိရေး


(ဃ) ပြည်သူတို့၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်၍ တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်းသာယာရေး တည်ဆောက်ရာတွင် အထောက်အကူဖြစ်စေရေး

(င) ဥပဒေကို ပြည်သူများက နားလည်လိုက်နာ ကျင့်သုံးလာစေရန် ပညာပေးရေးနှင့် ပြည်သူများက ဥပဒေကို လိုက်နာသော အလေ့အကျင့် ပျိုးထောင်ပေးရေး


(စ) ပြည်သူအချင်းချင်းနှင့်ပတ်သက်သော အမှုကိစ္စများကို ဥပဒေဘောင်အတွင်း၌ ကျေအေး ပြီးပြတ်စေရေး

(ဆ) ပြစ်မှုကျူးလွန်သူကို အရေးယူအပြစ်ပေးရာတွင် အကျင့်စာရိတ္တပြုပြင်မှုကို ဦးတည်ရေး

" ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဖွဲ့စည်းပုံ "



"တရားခွင်များသို့သွားရန် လမ်းညွှန်"



"တရားရုံးဝန်ဆောင်မှုများ"

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ကောင်တာ (၆) ခုဖြင့် တရားရုံးဝန်ဆောင်မှုများ ဆောင်ရွက်လျက်ရှိပါသည်။

(၁) စာပေးစာယူကောင်တာ

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့်သက်ဆိုင်သော စာပေးစာယူကိစ္စရပ်များဆောင်ရွက်နိုင်ပါသည်။

(၂) ဘီလစ်/မိတ္တူကောင်တာ

ကျမ်းကျိန်ခြင်းနှင့် အမှုတွဲများမိတ္တူကူးခြင်း စသည်တို့ ဆောင်ရွက်နိုင်ပါသည်။

(၃၊ ၄၊ ၅) အမှုလက်ခံကောင်တာများ (ပြစ်မှု/တရားမ/စာချုန်တော်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ တင်သွင်းသည့် ရာဇဝတ်၊ တရားမနှင့် စာချုန်တော် လျှောက်ထားမှုအမျိုးမျိုးအတွက် အမှုများ လက်ခံ ဆောင်ရွက်ပေးပါသည်။

(၆) ရှေ့နေလိုင်စင်လျှောက်ထားခြင်းကောင်တာ

တရားလွှတ်တော်ရှေ့နေ၊ အထက်တန်းရှေ့နေလိုင်စင်လျှောက်ထားခြင်းများ ဆောင်ရွက်နိုင်ပါသည်။ လိုအပ်သောအချက်အလက်များအား ပြည်ထောင်စုတရားလွှတ်တော်ချုပ် Website ရှိ ရှေ့နေရှေ့ရပ်ကဏ္ဍတွင် အသေးစိတ်ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။

"ကောင်တာများသို့သွားရန် လမ်းညွှန်"

